# ကာကွယ်ရေးဝန်ကြီးဌာန

## စစ်ရေးသတင်းအကျဉ်းချုပ်

Date -21/3/2022

### စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

**ကရင်ပြည်နယ်**

၂၀၂၂ မတ်လ ၂၁ရက်နေ့ နံနက်ပိုင်း၌ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ အံဖကြီး၊ နန်းရွှေမှုံ၊ ဖန်ခါးကုန်း၊ တောင်ကြာအင်း ကျေးရွာများတွင် KNLA ပူးပေါင်းတပ်များ နှင့် စကစလက် အောက်ခံ တပ်များတိုက်ပွဲ ဖြစ်ပွားနေကြောင်း၊ ကော့ကရိတ် ခလရ ၉၇၊ လှိုင်ဝ အမြောက်ကုန်း၊ စကခ ၁၂ အမြောက်ကုန်းတို့မှ လက်နက်ကြီး ဆက်တိုက် ပစ်ခတ်ပြီး မြေပြင်တိုက်ပွဲအခြေအနေ အရ နှစ်ဖက် ထိခိုက်ကျဆုံးမှုများရှိ နေကြောင်း သတင်းရရှိသည်။

**ကရင်နီ(ကယား)ပြည်နယ်**

၂၀၂၂ မတ်လ ၁၈ရက် ကရင်နီ(ကယား)ပြည်နယ်၊ ဒီမော့ဆိုမြို့နယ်၊ အိုးခူးရီးရွာတွင် တပ်စွဲထားသော စကစတပ်သားများကို အလယ်ပိုင်းတိုင်းအထူးစစ်ဆင်ရေးအဖွဲ့၊လွိုင်ကော် PDF၊ ဒီမော့ဆို PDF စနိုက်ပါအဖွဲ့တို့မှ ပူးပေါင်းပြီး ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စကစတပ်သား ၄ ဦးထိသေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

**မကွေးတိုင်း**

၂၀၂၂ မတ်လ (၁၇)ရက်နေ့ မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ ပခုက္ကူ-ကျောက်ထု-မင်းတပ် လမ်းပိုင်း ပုံတောင်ပုံညာတောင်ကြောတစ်နေရာ၌ ပခုက္ကူမှထွက်လာသည့် စကစ ကားများကို PEOPLE'S DEFENCE FORCE-HTILIN (YAW REGION) တပ်ဖွဲ့ဝင်များမှ မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စကစ ကား ၁ စီး မီးလောင် ပျက်စီးသွားပြီး ကျန် ၂ စီးမှာ ချောက်ထဲသို့ထိုးကျသွားခဲ့။ စကစတပ်သား ၁၃ ဦးသေဆုံးခဲ့ပြီး ၁၇ ဦးခန့်ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

၂၀၂၂ မတ်လ (၁၈)ရက်နေ့ မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ ပခုက္ကူ-ကျောက်ထု လမ်းပိုင်းတစ်နေရာ၌ ခြေလျင်တက်လာသည့် စကစ စစ်ကြောင်းကို PEOPLE'S DEFENCE FORCE-HTILIN (YAW REGION) မှ မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စကစတပ်သား- ၃ ဦး သေဆုံးပြီး စကစဘက်မှ လက်နက်ကြီးများဖြင့် အနီး ပတ်ဝန်းကျင်ကို ရမ်းသမ်းပစ်ခတ်ခဲ့သောကြောင့် PEOPLE'S DEFENCE FORCE-HTILIN (YAW REGION) တပ်သားများပြန်လည်ဆုတ်ခွာခဲ့ကြောင်း သတင်းရရှိသည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*

## စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

**ချင်းပြည်နယ်**

၂၀၂၂ မတ်လ ၂၀ရက် ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ ထယ်ဘွေးသို့ ချီတက်လာသော စကစ တပ်သားများသည် CDF-Matupiတပ်သား(၂)ဦးကို ဖမ်းဆီးခဲ့ပြီး တစ်ဦးကို ရက်စက်စွာ သတ်ဖြတ်ခဲ့၊ အလောင်းကိုတွေ့ရှိထားပြီး ဘေးပတ်လည်တွင် မိုင်းထောင်ထားသောကြောင့် ကောက်ရန်မရသေး၊ ကျန်တစ်ဦးကို မတွေ့ရသေးကြောင်း သတင်းရရှိသည်။

**စစ်ကိုင်းတိုင်း**

၂၀၂၂ မတ်လ (၂၁)ရက်နေ့ စစ်ကိုင်းတိုင်း၊ ဖောင်းပြင်မြို့နယ်၊ အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဟောင်း ဦးမောင်မောင်လတ် ၊ ဦးထွန်းဝေတို့၏ နေအိမ် ၊ စီးပွားရေးလုပ်ငန်းများကို စကစမှချိတ်ပိတ်ခဲ့ကြောင်း သတင်းရရှိသည်။

**မန္တလေးတိုင်း**

၂၀၂၂ မတ်လ ၂၁ရက် နံနက်ပိုင်း မန္တလေးတိုင်း၊ စဥ့်ကိုင်မြို့နယ်၊ စော်ရဲရွာသားတစ်ဦးဖြစ်သော တံတားဦးလေဆိပ်တွင် တာဝန်ထမ်းဆောင်နေသည့် အသက် (၂၅) နှစ်အရွယ်ရှိ ပိုပြည့်သူအား အလုပ်သွားရန် ရွာမှထွက်လာချိန် အမြန်လမ်းသို့ အထွက်တွင် စကစများမှ ပစ်ခတ်ခဲ့ပြီး အခင်းဖြစ်ပွားသည့်နေရာမှ ကျည်ခွံများကိုလည်း စကစများ ကောက်သွားခဲ့ကြောင်း သတင်းရရှိသည်။

**ရန်ကုန်တိုင်း**

၂၀၂၂ မတ်လတွင် Foodpandaလုပ်ငန်းရှိ အလုပ်သမားများကို ပို့ဆောင်ခ တစ်ဝက်ကျော် လျှော့ချခဲ့ခြင်းကြောင့် မတ်လ ၁၆ရက်နေ့တွင် ဝန်ထမ်းအများစုသည် အလုပ်မှရပ်နေ၍ သပိတ်မှောက်တောင်းဆိုမှုများ ပြုလုပ်နေပြီး (၂၁)ရက်နေ့၌ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ကွင်းထဲတွင် Food Panda Ridersများသည် Way လမ်းကြောင်း လုပ်ခလစာ လျှော့ချခံရမှုနှင့်ပတ်သက်၍ စုရုံးညှိနှိုင်းနေကြချိန် စကစတပ်နှင့် စကစလက်အောက်ခံ ရဲတပ်ဖွဲ့ဝင်များမှ ဝင်ရောက်ဖမ်းဆီးသွားခဲ့ကြောင်း သတင်းရရှိသည်။

**ဧရာဝတီတိုင်း**

၂၀၂၂ မတ်လ ၂၀ရက် ညနေပိုင်း ဧရာဝတီတိုင်း၊ မအူပင်မြို့နယ်၊ အမှတ် (၅) ရပ်ကွက် တွင်နေထိုင်သော ကိုစိုင်းနေမျိုးသန့် ကို မုန်တိုင်းအရှိန်ကြောင့် လေပြင်းများတိုက်ခိုက်သည့် ရုပ်သံဖိုင်အား လူမှုကွန်ယက်ပေါ် တင်ခဲ့သောကြောင့် စကစမှ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*